CAM CEDAW Action Myanmar

GEN Gender Equality Network

WON Women's Organizations Network of Myanmar

Women's League of Burma

# အပြည်ပြည်ဆိုင်ရာအမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးနေ့အထိမ်းအမှတ် ပူးတွဲထုတ်ပြန်ကြေငြာချက်

၂၀၁၆ခုနှစ်၊ နိုဝင်ဘာလ (၂၅) ရက်နေ့

"အမျိုးသမီးများအပေါ်နည်းမျိုးစုံအကြမ်းဖက်မှုများရပ်တန့်ရေးမှသည်ငြိမ်းချမ်းသောလူ့ဘောင်သစ်ဆီသို့"

၁၉၉၉ခုနှစ်၊ ဒီဇင်ဘာလ (၁၇) ရက်နေ့တွင် ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်အမှတ် - ၅၃/၁၃၄ အရ နိုဝင်ဘာလ (၂၅) ရက်နေ့ အား "အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးနေ့" အဖြစ် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေ ညီလာခံမှ ဆုံးဖြတ်သတ်မှတ်ပေးခဲ့သည်။

မြန်မာနိုင်ငံရှိ လူဦးရေ၏ထက်ဝက်ကျော်မှာ အမျိုးသမီးများဖြစ်သော်လည်း အမျိုးသမီးထုသည် မိမိတို့၏အခွင့်အရေးများကို လွတ်လပ်ပျော်ရွှင်စွာခံစားနိုင်ခြင်းမရှိသည့်အပြင် နည်းမျိုးစုံဖြင့် အကြမ်းဖက်ခံနေရခြင်း၊ ခွဲခြားဆက်ဆံခံနေရခြင်းများနှင့် ကြုံတွေ့နေရပြီး၊ ထိုသို့ မိမိတို့၏အခွင့်အရေးများအား ချိုးဖောက်ခံရသောအခါ တရားမျှတမှုရှာဖွေရာ၌လည်း ထပ်ဆင့်ခွဲခြား ဆက်ဆံခြင်းခံနေရသည်။

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုသည် မြန်မာနိုင်ငံရှိ လူ့အဖွဲ့အစည်းတစ်ခုလုံးအတွင်း ကျယ်ပြန့်စွာဖြစ်ပေါ်နေသည့် ပြဿနာတစ်ခုဖြစ်သည်။ တစ်နိုင်ငံလုံးအနှံ့ဖြစ်ပွားလျက်ရှိသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုများသည် လူ့ဘောင်အဖွဲ့အစည်းအတွင်းမှ အမျိုးသမီးများ၏ တရားမျှတမှုအပေါ် လက်လှမ်းမီရေး၊ လူမှုရေး၊ နိုင်ငံရေးနှင့် စီးပွါးရေးအရ တန်းတူညီမျှမှုရစေသည့် အခွင့်အလမ်းများကို ပိတ်ပင်တားဆီးနေသည်။

အမျိုးသမီးများ၏ဘဝ လုံခြုံမှုရှိစေရန် အမျိုးသမီးများအပေါ်အကြမ်းဖက်မှုပုံသဏ္ဍာန်အားလုံးအား ရပ်တန့်ရမည်ဖြစ်ပြီး လုံလောက်သော ဥပဒေပိုင်းဆိုင်ရာ ကာကွယ်စောင့်ရှောက်မှု ရှိစေရေးအတွက် တရားဥပဒေစိုးမိုးမှု ရှိစေရန် အထူးလိုအပ် သည့်အပြင် "အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဥပဒေ" (PoVAW Law) အား အမြန်ဆုံးရေးဆွဲ အတည်ပြု ပြဌာန်းပေးရန်လိုအပ်သည်။

နိုင်ငံတော်အစိုးရမှ တရားဥပဒေစိုးမိုးရေး၊ ပြည်တွင်းစစ်ရပ်စဲရေးနှင့် ငြိမ်းချမ်းမှုတည်ဆောက်ရေး၊ အခြေခံဥပဒေပြင်ဆင်ရေး

စသည့်ရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် အကြမ်းဖက်မှုများ လျော့ပါးပပျောက်ရေးအတွက် အထူးအလေးထားထည့်သွင်းစဉ်းစားရန်နှင့် ပြည်တွင်းစစ်လုံးဝချုပ်ငြိမ်းပြီး တရားမျှတ၍ စစ်မှန်သောငြိမ်းချမ်းရေးကိုရှေးရှုသည့် အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုအား အမျိုးသမီးများကိုပါ ဦးဆောင်ပါဝင်ခွင့်ပေးလျက် အတူတကွတည်ဆောက်သွားရန် အမျိုးသမီးအဖွဲ့အစည်းများမှ အလေးအနက်တိုက်တွန်းလိုက်ပါသည်။

ဆက်သွယ်ရန်

၁။ ဟန်နီ (အေးသဒ္ဒါလှ) +၉၅ ၉၄၂ ၁၁၄ ၄၃၉၄

၂။ မထက်ထက် +၉၅ ၉၉၇ ၇၇၀ ၇၁၁၁

၃။ နော်ခင်ဖြူမြင့် +၉၅ ၉၂၅ ၀၂၈ ၇၈၈၃

၄။ ဂျူလီယာ မာရစ်(ပ်) +၆၆ ၉၀၇ ၅၀၄ ၉၆၀